

# ခေတ်ရဲ့ကဗျာ

ဗိုလ်ချုပ်အောင်ဆန်းရဲ့ကဗျာ ...
ကြည် ...
ပဲပြုတ်နဲ့ နံပြား ရှိရင်
စားချင်တယ် ...။
ဝန်ကြီးချုပ် ဦးနုရဲ့ ကဗျာ ...
ဖဆပလ အဖွဲ့ဝင်တွေ
အာဏာပြလွန်းလို့
မဲနည်းသွားတယ် ...။
ဗိုလ်ချုပ်နေဝင်းရဲ့ ကဗျာ
စစ်တပ်ဆိုတာ
ပစ်ရင်မှန်အောင် ပစ်တတ်တယ်
သတိသာ ထားကြပေတော့ ...။



ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ ကဗျာ
န-ဝ-တ အဖွဲ့အနေနဲ့
အနိုင်ရပါတီကို အာဏာလွှဲပြီးရင်
စစ်တန်းလျားကို ပြန်သွားကြမယ် ...။
ဗိုလ်ချုပ်ခင်ညွန့်ရဲ့ ကဗျာ
၁၉၉၀ မေ ၂၇ ရက် ရွေးကောက်ပွဲမှ
လွှတ်တော်ကိုယ်စားလှယ်များဟာ
အခြေခံဥပဒေကို ရေးဆွဲရန်သာ တာဝန်ရှိတယ် ...။

သမ္မတကြီး ဦးသိန်းစိန်ရဲ့ ကဗျာ
ရှေးရိုးစွဲများနဲ့
ခေတ်နောက်ပြန်ဆွဲသူများကို
ချန်ထားခဲ့မယ် ...
လွှတ်တော်ဥက္ကဋ္ဌကြီး ဦးရွှေမန်း ရဲ့ ကဗျာ
စစ်တပ်မှာလည်း
ဒီမိုကရေစီ ရှိပါတယ်
ဒီမိုကရေစီကို မြတ်နိုးပါတယ် ...။